The Mon Forum
HUMAN RIGHTS NEWSLETTER
အတွဲ(၉)၊ အမှတ်(၃)၊ မတ်လ ၃၁၊ ၂၀၂၄
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# လူငယ်တို့၏အနာဂတ်ကို သတ်ဖြတ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ



စာမျက်နှာ (၄) သို့

## INSIDE


သံဖြူဇရပ်မြို့နယ်မှ ပျောက်ဆုံးရွာသား (၄) ဦး ယနေ့အချိန်အထိ သတင်းအစအန မရသေး — စာမျက်နှာ (၈) သို့

စစ်မှုထမ်းသူများ၏ မိသားစုဝင်များကို ထောက်ပံ့ရန် ရွာသားများထံမှ ငွေကြေးကောက်ခံမည် — စာမျက်နှာ (၁၀) သို့

ချောင်းဆုံတွင် အသက် (၁၈) နှစ်အရွယ် မိန်းကလေးတစ်ဦး အဓမ္မပြုကျင့်ခံရ — စာမျက်နှာ (၁၂) သို့

စစ်ကြောင်းကဖမ်းဆီးသွားသည့် စစ်ဘေးရှောင် (၄) ဦး ပြန်လွတ်မလာသေး — စာမျက်နှာ (၁၅) သို့

မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် — စာမျက်နှာ (၁၈) သို့


HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

## ကော့ကရိတ်တွင် တိုက်ပွဲဆက်လက်ပြင်းထန်နေပြီး ဒေသခံ (၄၀,၀၀၀) ကျော် စစ်ဘေးရှောင်နေရ



**ဇန်နဝါရီ ၁၀၊ ၂၀၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ၂၀၂၃ နိုဝင်ဘာလ (၃၀) ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သည့်တိုက်ပွဲသည် ယနေ့အချိန်အထိ ဆက်လက်ပြင်းထန်နေဆဲဖြစ်ပြီး အနီးအနားကျေးရွာ (၃၀) ကျော်မှ ဒေသခံပြည်သူ (၄၀,၀၀၀) ကျော် စစ်ဘေးရှောင်နေရကြောင်း သိရသည်။

စာမျက်နှာ (၆) သို့

# ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် ကသောင်းကနင်းဖြစ်နေသည့် မွန်ပြည်နယ်

## (၂၀၂၄ မတ်လအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၃) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိ သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ မတ်လတွင်လည်း မြို့နယ် (၁၅) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၄၀) နီးပါးကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

စစ်ကောင်စီက အသက်သွင်းလိုက်သည့် “**ပြည်သူ့စစ်မှုထမ်းဥပဒေ**” ကြောင့် မြန်မာတနိုင်ငံလုံး နည်းတူ မွန်ပြည်နယ်တွင်လည်း ကသောင်းကနင်းဖြစ်နေသည်။ “**ပြည်သူ့စစ်မှုထမ်းဥပဒေ**” အတွက် နည်းဥပဒေများ အတိအကျထွက်ရှိလာခြင်း မရှိသေးသော်လည်း အောက်ခြေရပ်/ ကျေးအုပ်ချုပ်ရေးမှူးများ၏ “လက်လွတ်စပယ်” လုပ်ဆောင်မှုများကြောင့် လူငယ်များနှင့် ၎င်း တို့၏မိဘများမှာ စိုးရိမ်မှုနှင့် အကြောက်တရားအောက်တွင် ဗျာများနေရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ရိုက်ခတ်မှု ကြီးကြီးမားမား ဖြစ်ပေါ်နေသည်။

စစ်မှုထမ်းရမည်ကို ကြောက်ရွံ့သဖြင့် စာမေးပွဲဖြေဆိုခါနီးကာလတွင်ပင် မိဘများကို ၎င်းတို့၏သားသမီးများကို ကျောင်းထုတ်ကာ ၎င်းတို့အလုပ်လုပ်ရာ ထိုင်း သို့မဟုတ် မလေးရှားနိုင်ငံများသို့ ခေါ်ဆောင်သွားကြသည်။ ကလေးသူငယ်များမှာ ပညာဆုံးခန်း တိုင်အောင် မသင်ကြားရဘဲ နိုင်ငံရပ်ခြားသို့ တရားမဝင်လမ်းကြောင်းဖြင့် ထွက်ခွာသွား ရသည်။

အဓမ္မစစ်မှုထမ်းခြင်းကို ရှောင်လွှဲလိုသဖြင့် အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်သည့် လူငယ်အများ အပြားသည် အိမ်နီးချင်းနိုင်ငံများသို့ တရားဝင်လမ်းကြောင်းဖြင့်ဖြစ်စေ တရားမဝင်လမ်းကြောင်း ဖြင့်ဖြစ်စေ ထွက်ခွာသွားကြသည်။ လူငယ်များ အစုလိုက်အပြုံလိုက်ထွက်ခွာတိမ်းရှောင်သွား ကြသဖြင့် လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် ငါးလုပ်ငန်းများတွင် လုပ်သားအင်အား ရှားပါးလာကြောင်း သိရသည်။

၎င်းပြင် ရပ်ရေးရွာရေး ဘာသာရေးပွဲတော်များကဲ့သို့သော လူမှုကိစ္စများတွင်လည်း ကူညီလုပ်ကိုင်ပေးမည့်လူငယ်များ မရှိတော့ချေ။ သွေးလှူရှင်များအသင်းကဲ့သို့သော လူမှုအသင်းအဖွဲ့များအနေဖြင့်လည်း သွေးလှူဒါန်းမည့်လူငယ်များ မရှိသလောက်နည်းပါး လာသဖြင့် အခက်ကြုံနေရသည်။

ပြည်သူတစ်ရပ်လုံးမှာ “**ပြည်သူ့စစ်မှုထမ်းဥပဒေ**” ကြောင့် အခက်ကြုံနေရချိန်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဒေသခံပြည်သူများကို အဆိုပါဥပဒေဖြင့် ခြိမ်းခြောက်ကာ မတရားဖမ်းဆီးခြင်းနှင့် ငွေကြေးတောင်းခံခြင်းများကို နေရာအနှံ့လုပ်ဆောင်လာသည်။

စစ်ကောင်စီ၏ စီမံခန့်ခွဲမှုအလွဲများနှင့် မတရားသောဥပဒေများကို ဆက်တိုက်ပြဋ္ဌာန်းကာ ပြည်သူများကို ဖိနှိပ်လာခြင်းတို့ကြောင့် ဒေသခံပြည်သူများမှာ ဆက်လက်ဒုက္ခပင်လယ်ဝေ နေရဦးမည် ဖြစ်သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရ နေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

**အယ်ဒီတာအဖွဲ့**
**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း**
**၂၀၂၄ မတ်လ**



# လူငယ်တို့၏အနာဂတ်ကို သတ်ဖြတ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ



**မတ် ၁၄၊ ၂၀၂၄**

၎င်းတို့စတင်ခဲ့သည့်စစ်ပွဲတွင် ၎င်းတို့ကိုယ်တိုင်ရှုံးနိမ့်လာသည့် စစ်ကောင်စီက ၂၀၂၄ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းကြောင်း ကြေညာခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်းရှိ အမျိုးသားများနှင့် အသက် (၁၈) နှစ်မှ (၂၇) နှစ်အတွင်းရှိ အမျိုးသမီးများကို စစ်မှုထမ်းရန် စစ်ကောင်စီက ဆင့်ခေါ်နိုင်မည်ဖြစ်သည်။ ၎င်းပြင် အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိ ပညာရှင်အမျိုးသားများနှင့် အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်းရှိ ပညာရှင်အမျိုးသမီးများကိုလည်း စစ်မှုမထမ်းမနေရ ဆင့်ခေါ်နိုင်မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို သင်္ကြန်ကာလအပြီးတွင်မှ စတင်အကောင်အထည်ဖော်မည်ဟု စစ်ကောင်စီက ပြောဆိုထားသော်လည်း အဆိုပါဥပဒေကြေညာပြီးနောက် စစ်ကောင်စီတပ်ဖွဲ့များက လူငယ်များကို မတရားဖမ်းဆီးခြင်းများ၊ “**ပေါ်တာဆွဲခြင်း**” များ ပြုလုပ်လာသည့်အပြင် လူငယ်များကို နေအိမ်ပေါ်အထိလာရောက်ဖမ်းဆီးခြင်းများ ပြုလုပ်လာသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် လူငယ်များနှင့် ၎င်းတို့၏မိဘများအကြား ရိုက်ခတ်မှုကြီးမားခဲ့သည်။

**“ဒီဥပဒေက လူငယ်တွေကိုသာမက သူတို့ရဲ့မိဘတွေကိုလည်း အကြောက်တရားဖြစ်စေတယ်။ သူတို့သားသမီးတွေ စစ်တပ်ရဲ့ သားကောင် မဖြစ်အောင် နိုင်ငံခြားကို ပို့ရမလား၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ စိုးရိမ်ပူပန်နေကြတယ်”** ဟု မိခင်တစ်ဦးက ပြောသည်။

စစ်ကောင်စီလက်အောက်တွင် စစ်မှုထမ်းရမည်ကို ကြောက်ရွံ့သဖြင့် မိဘများက ၎င်းတို့၏သားသမီးများကို ကျောင်းရပ်နားစေပြီး ၎င်းတို့ အလုပ်လုပ်ရာ အိမ်နီးချင်းနိုင်ငံများသို့ ခေါ်ဆောင်သွားသည်။

**“စာမေးပွဲကာလဆိုလည်း မိဘတွေက မစောင့်နိုင်တော့ဘူး။ စစ်ထဲဝင်ရမှာကြောက်လို့ ကျောင်းထုတ်လိုက်တယ်။ အခုဆို ကျောင်းကြီးဆိုရင် အယောက် (၃၀) ကနေ (၅၀) ကြား၊ ကျောင်းငယ်ဆိုရင် (၁၀) ယောက်ကနေ အယောက် (၂၀) ကြား ကျောင်းသားတွေလျော့ကုန်တယ်”** ဟု အထက်တန်းပညာရေးအတွက် ကူညီပေးနေသူ မုဒုံမြို့နယ်မှ ပြည်သူတစ်ဦးက ပြောသည်။

ပုံမှန်အားဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသူကျောင်းသားများသည် အသက် (၁၆) နှစ်နှင့် (၁၇) နှစ်အရွယ် ရှိကြပြီး ၎င်းတို့၏ အသက်အပိုင်းအခြားသည် စစ်မှုထမ်းဥပဒေတွင် အကျုံးဝင်ခြင်း မရှိချေ။ သို့သော် COVID-19 ကူးစက်ရောဂါနှင့် အာဏာသိမ်းမှုကြောင့် ကျောင်းများရပ်နားလိုက်ရသဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများ၏ အသက်အပိုင်းအခြားသည် စစ်မှုထမ်းဥပဒေတွင် အကျုံးဝင်သည့် အသက် (၁၈) အရွယ်သို့ ရောက်ရှိနေသည်။

**"ကျွန်မတို့နဲ့အတူ ဆန္ဒပြတဲ့နေရာမှာ ပါဝင်ဖူးတဲ့ လူငယ်တစ်ယောက်ပေါ့၊ အသက်ကတော့ (၁၈) နှစ် မပြည့်သေးဘူး။ ဒါပေမဲ့ သူတို့မိဘတွေက (ကျောင်းထွက်ပြီး) ကိုးရီးယားနိုင်ငံသွားဖို့ ဖိအားပေးနေတယ်"** ဟု လောင်းလုံးမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပြောသည်။

စစ်မှုထမ်းဥပဒေကြောင့် အလုပ်လုပ်နိုင်သည့်လူငယ်လူရွယ်များအကြားတွင် စိုးရိမ်မှုနှင့် အကြောက်တရားအများဆုံး ဖြစ်ပေါ်နေပြီး မတရားစစ်မှုထမ်းခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် ပြည်ပသို့ တရားမဝင်ထွက်ပြေးခြင်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းလက်အောက်ရှိ လွတ်မြောက်နယ်မြေသို့ ခိုလှုံခြင်းများ ပြုလုပ်လာသည်။

**"လူငယ်အတော်များများက အခက်တွေ့နေကြတယ်။ စစ်မှုမထမ်းရင် ပြည်ပထွက်လို့ မရဘူးဆိုတော့ အောက်လမ်းကနေပဲ ထိုင်းတို့ မလေးရှားတို့ကို သွားမယ်"** ဟု မွန်လူငယ်တစ်ဦးက ပြောသည်။

၂၀၂၄ မတ်လ (၁၃) ရက်နေ့တွင် တရားမဝင်လမ်းကြောင်းမှတဆင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် မြန်မာ အလုပ်သမား (၂၂) ဦးကို ထိုင်း - မြန်မာနယ်စပ် ကန်ချနပူရီခရိုင်တွင် ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းကြောင်း ကြေညာခဲ့သည့် ၂၀၂၄ ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံသို့ တရားမဝင်, ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသား (၅၀၉) ဦး ရှိကြောင်း Dawei Watch သတင်းဌာနက ဖော်ပြထားသည်။

**"မြေးက အသက် (၁၇) နှစ် ရှိနေပြီ။ (၁၀) တန်းစာမေးပွဲ ဖြေရတော့မယ်။ စစ်မှုထမ်းဥပဒေထွက်လာတော့ သူ့မိဘတွေက စိုးရိမ်ပြီး ကျောင်းထွက်ခိုင်းလိုက်တယ်။ အခုတော့ ထိုင်းနိုင်ငံရောက်ပြီး အလုပ်လုပ်နေရတယ်"** ဟု သံဖြူဇရပ်မြို့နယ်မှ အဘွားအိုတစ်ဦးက ပြောသည်။

စစ်ကောင်စီလက်အောက်တွင် စစ်မှုမထမ်းလိုသူ လူငယ်လူရွယ်များကို ၎င်းတို့နှင့် ပူးပေါင်းရန် မွန်ပြည်တော်လှန်ရေးတပ် (MSRF) က ဖိတ်ခေါ်လျက်ရှိသည်။ မွန်ပြည်တော်လှန်ရေးတပ်က ရဲဘော်သစ်များလိုအပ်ကြောင်း ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ကြေညာခဲ့ပြီး ထိုသို့ကြေညာပြီးနောက် နာရီပိုင်းအတွင်း ရာနှင့်ချီသောလူငယ်များက ဆက်သွယ်လာကြောင်း မွန်ပြည်တော်လှန်ရေးတပ်က ပြောသည်။

၎င်းပြင် စစ်ကောင်စီ၏ ပြည်သူ့စစ်မှုထမ်းဥပဒေကို ဆန့်ကျင်ကြရန်၊ စစ်မှုထမ်းရန် အတင်းအကြပ်ဖိအားပေးခံရပါက နီးစပ်ရာကျေးရွာများတွင် ခိုလှုံကြရန် ကရင်အမျိုးသားအစည်းအရုံး (မူတရော်ခရိုင်)က ၂၀၂၄ မတ်လ (၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**"ရွေးချယ်စရာမရှိရင်တော့ စစ်တပ်ထဲဝင်ရမယ့်အတူတူ ကိုယ့်လူမျိုးလက်နက်ကိုင်အဖွဲ့ထဲကိုပဲ ဝင်လိုက်မယ်"** ဟု မွန်လူငယ်တစ်ဦးက ပြောသည်။

မွန်လူထုအသံ

# ဘီးလင်းတွင် ဆိုင်ကယ်ရပ်မပေးသည့် လူငယ် (၂) ဦးကို စစ်ကောင်စီက ပစ်သတ်

**မတ် ၁၃၊ ၂၀၂၄**

၂၀၂၄ မတ်လ (၁၁) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် သံတံတားစစ်ဆေးရေးဂိတ်တွင် ဆိုင်ကယ်ရပ်မပေးသည့်အတွက် လူငယ် (၃) ဦးကို စစ်ကောင်စီက သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ (၂) ဦး သေဆုံးပြီး (၁) ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း မိသားစုဝင်များနှင့်နီးစပ်သူက ပြောသည်။



အဆိုပါလူငယ် (၃) ဦးသည် ကျိုက်ထိုမြို့နယ်မှ ဘီးလင်းမြို့နယ်သို့ ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်စီးနင်းလာခြင်းဖြစ်ပြီး သံတံတား စစ်ဆေးရေးဂိတ်တွင် ပစ်ခတ်ခံရခြင်း ဖြစ်သည်။

ပစ်ခတ်မှုကြောင့် ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာမှ အသက် (၃၀) အရွယ် ဟာရှင်နှင့် အသက် (၂၇) နှစ်အရွယ် ဂျိုးသိန်းတို့ သေဆုံးခဲ့ပြီး အသက် (၃၀) အရွယ် ကိုချစ်ကိုသည် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

**"သံတံတားဂိတ်က တော်တော်ဆိုးတာ။ ပိုက်ဆံလည်း အတောင်းကြမ်းတယ်။ ကြားရသလောက်တော့ ဆိုင်ကယ်ရပ်ပေးဖို့ပြောတာကို မကြားလို့ ဆက်မောင်းသွားလို့ အပစ်ခံလိုက်ရတာ"** ဟု နစ်နာသူမိသားစုဝင်များနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

ပစ်သတ်ခံရသူ ဟာရှင်နှင့် ဂျိုးသိန်းကို မတ်လ (၁၂) ရက်နေ့တွင် တောင်စွန်းသုသာန်တွင် သင်္ဂြိုဟ်ခဲ့ပြီးဖြစ်သည်။

**"သံတံတားစစ်ဆေးရေးဂိတ်က နာမည်ဆိုးနဲ့ ကျော်ကြားနေတာ။ ခရီးသွားပြည်သူတွေဆီကနေ ငွေတောင်းတာရှိသလို လူငယ်တွေလည်း မကြာခဏ ဖမ်းတာ၊ ပစ်ခတ်တာ လုပ်နေတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ရာမညဖက်ဒရယ်အင်အားစုသစ်၏ ဇန်နဝါရီ (၃၁) ရက်နေ့ အစီရင်ခံစာအရ အာဏာသိမ်းကာလအတွင်း မွန်ပြည်နယ်မှ အရပ်သားပြည်သူ (၁၀၅) ဦး သတ်ဖြတ်ခံထားရသည်။

"

"သံတံတားဂိတ်က တော်တော်ဆိုးတာ။ ပိုက်ဆံလည်း အတောင်းကြမ်းတယ်။ ကြားရသလောက်တော့ ဆိုင်ကယ်ရပ်ပေးဖို့ပြောတာကို မကြားလို့ ဆက်မောင်းသွားလို့ အပစ်ခံလိုက်ရတာ"

# တိုက်ပွဲဖြစ်ပွားလာမည်ကို စိုးရိမ်သဖြင့် အနင်းကျေးရွာတွင် ရွာလုံးကျွတ်နီးပါး စစ်ဘေးရှောင်




မတ် ၁၄၊ ၂၀၂၄

ပြီးခဲ့သည့် သုံးလေးရက်အတွင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာအနီးတဝိုက်တွင် မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) မှ တပ်ဖွဲ့ဝင် (၁၀၀) ကျော် ဝင်ရောက်လှုပ်ရှားနေသဖြင့် စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်လာမည်ကို စိုးရိမ်ကြောက်လန့်ကာ ရွာလုံးကျွတ်နီးပါး စစ်ဘေးရှောင်နေရကြောင်း ဒေသခံများက မွန်လူထုအသံကို ပြောသည်။

**“မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) က အင်အား (၁၀၀) ကနေ (၂၀၀) ကြား ကျွန်တော်တို့ဘက်ကို ရောက်လာပြီ။ သူတို့ရဲ့ မဟာမိတ်အဖွဲ့တွေလည်း ပါတယ်။ အနင်းနဲ့ နီးနီးကပ်ကပ်မှာပဲ သူတို့လှုပ်ရှားနေတယ်။ အနင်းရဲစခန်းကို ဝင်တိုက်မှာစိုးလို့ ရွာသားတွေအကုန်လုံး စစ်ရှောင်ထွက်ပြေးကုန်ပြီ”** ဟု အနင်းရွာသားတစ်ဦးက ပြောသည်။

အနင်းကျေးရွာရဲစခန်းတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက အခိုင်အမာတပ်စွဲထားပြီး တော်လှန်ရေးအင်အားစုများကလည်း အဆိုပါရဲစခန်းကို မကြာခဏလာရောက်တိုက်ခိုက်နေကြသည်။

**“အနင်းရဲစခန်းက သူတို့(စစ်ကောင်စီ)အတွက် အဓိကကျတဲ့ စခန်းတစ်ခုပဲ။ သူတို့ အခိုင်အမာတပ်စွဲထားတာ။ တော်လှန်ရေးအဖွဲ့တွေ လာတိုက်နေတာ ကျအောင်မတိုက်နိုင်သေးဘူး။ စခန်းအနီးကအိမ်တွေမှာ ဘယ်သူမှမရှိတော့ဘူး။ ပြေးကုန်ကြပြီ။ မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) ကလည်း ဒီဘက်ကို ရောက်လာပြီဆိုတော့ တိုက်ပွဲတကယ်ဖြစ်တော့မယ်ဆိုပြီး တော်တော်များများ ရှောင်ကုန်ကြပြီ”** ဟု ၎င်းက ဆက်ပြောသည်။

၂၀၂၄ ဇန်နဝါရီလ (၃၁) ရက်နေ့ကလည်း တော်လှန်ရေးအင်အားစုပူးပေါင်းတပ်တို့က အနင်းကျေးရွာရဲစခန်းကို (၂) နာရီနီးပါး လာရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အပြင် အမှတ် (၃၁၅) အမြောက်တပ်ကလည်း လက်နက်ကြီးပစ်ကူပေးခဲ့သဖြင့် တော်လှန်ရေးတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့ရသည်။

လက်ရှိတွင် အနင်းဒေသခံအတော်များများသည် နီးစပ်ရာဥယျာဉ်ခြံများနှင့် လယ်ကွင်းများတွင် စစ်ဘေးရှောင်နေကြကြောင်း သိရသည်။

# သံဖြူဇရပ်မြို့နယ်မှ ပျောက်ဆုံးရွာသား (၄) ဦး ယနေ့အချိန်အထိ သတင်းအစအန မရသေး



**မတ် ၂၀၊ ၂၀၂၄**

၂၀၂၄ မတ်လ (၆) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာမှ အမျိုးသား (၂) ဦးသည် ရဟန်းခံရှင်ပြုပွဲအတွက် ချက်ပြုတ်စရာများ ဝယ်ယူရန်နှင့် ဧည့်သည်များဖိတ်ကြားရန်အတွက် နေအိမ်မှထွက်ခွာသွားပြီးနောက်ပိုင်း ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ ပျောက်ဆုံးသွားခဲ့သည်။

**“(၁၀) ရက် ကျော်နေပြီ။ ခုချိန်အထိ အိမ်ပြန်မရောက်သေးဘူး။ ဘာသတင်းအစအနမှလည်း မသိရဘူး”** ဟု ကရုပ္ပိကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ပျောက်ဆုံးနေသူများသည် အသက် (၄၀) အရွယ် နိုင်သန်းဇော်နှင့် အသက် (၅၀) အရွယ် နိုင်အကျဲတို့ ဖြစ်ကြပြီး မတ်လ (၂၀) ရက်နေ့အထိ မည်သည့်အဆက်အသွယ်မှ မရရှိသေးချေ။

ထို့ပြင် မတ်လ (၂) ရက်နေ့တွင်လည်း အံခဲကျေးရွာမှ အသက် (၄၀) အရွယ် နိုင်ကွန်းတီးနှင့် နိုင်ကွန်းတင့်တို့ (၂) ဦးကို လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးချေ။

**“အကြောင်းမရှိဘဲ လူတွေပျောက်နေတော့ ရွာသားတွေလည်း စိုးရိမ်ကြောက်လန့်နေကြတယ်”** ဟု သံဖြူဇရပ်မြို့နယ်မှ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

သံဖြူဇရပ် - ရေး ကားလမ်းမတစ်လျှောက်တွင် စစ်ကောင်စီတပ်အပြင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ မွန်ပြည်တော်လှန်ရေးတပ်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် အခြားသောတော်လှန်ရေးလက်နက်ကိုင်အဖွဲ့များ လှုပ်ရှားနေသည်ဟု သိရသည်။

“

**“(၁၀) ရက် ကျော်နေပြီ။ ခုချိန်အထိ အိမ်ပြန်မရောက်သေးဘူး။ ဘာသတင်းအစအနမှလည်း မသိရဘူး”**

# မော်လမြိုင်တွင် အမျိုးသားတစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးအမှုဖွင့်



**မတ် ၂၀၊ ၂၀၂၄**

၂၀၂၄ မတ်လ (၁၈) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ဒေသခံအမျိုးသားတစ်ဦးကို လိုင်စင်ပိတ်သိမ်းထားသည့်သတင်းဌာနမှ သတင်းဖော်ပြချက်များကို လူမှုကွန်ရက်တွင်ပြန်လည်မျှဝေသည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးအမှုဖွင့်ခဲ့ကြောင်း ၎င်း၏မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

စစ်ကောင်စီက မော်လမြိုင်မြို့ မောင်ငံရပ်ကွက် အရာတော်လမ်းနှင့် တောင်ပေါ်လမ်း လမ်းဆုံနေရာတွင် ပိတ်ဆို့စစ်ဆေးနေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အသက် (၂၄) နှစ်အရွယ် မော်လမြိုင်မြို့ခံ ကိုထွန်းလင်းကို ရပ်တန့်စေပြီး ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းတို့ကို စစ်ဆေးခဲ့သည်။

**"သူ့ဖုန်းထဲမှာ ခေတ်သစ်နဲ့ မဇ္ဈိမသတင်းဌာနက တင်ထားတဲ့သတင်းတွေကို ပြန်လည်မျှဝေတယ်ဆိုပြီး ဆွဲစိလိုက်တာ။ ဆိုင်ကယ်ပါ သိမ်းသွားတယ်။ အခုထိ ပြန်မရသေးဘူး"** ဟု မိသားစုနှင့်နီးစပ်သူက ပြောသည်။

ကိုထွန်းလင်းကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က) ဖြင့် မုပ္ပနှန်နယ်မြေရဲစခန်းတွင် ဖမ်းဆီးအမှုဖွင့်ထားသည်ဟု သိရသည်။

**"သူတို့အဖွဲ့နဲ့ မတွေ့အောင် အတတ်နိုင်ဆုံး ရှောင်ဖို့လိုတယ်။ မဟုတ်ရင် တစ်ခုမဟုတ် တစ်ခု အပြစ်ရှာပြီး ဖမ်းနေတာ။ လူငယ်တွေကိုလည်း ဖမ်းပြီး ငွေညှစ်နေတယ်။ မပေးရဘူးဆိုရင် အနည်းဆုံး (၅) သိန်းပဲ"** ဟု မြို့ခံတစ်ဦးက ပြောသည်။

၂၀၂၄ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင်လည်း မော်လမြိုင်မြို့ရွှေနတ်တောင်ရပ်နေ အမျိုးသမီးတစ်ဦးကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ကို လူမှုကွန်ရက်တွင် ထောက်ခံအားပေးသည်ဟုဆိုကာ ဖမ်းဆီးအမှုဖွင့်ခဲ့သည်။


"သူ့ဖုန်းထဲမှာ ခေတ်သစ်နဲ့ မဇ္ဈိမသတင်းဌာနက တင်ထားတဲ့သတင်းတွေကို ပြန်လည်မျှဝေတယ်ဆိုပြီး ဆွဲစိလိုက်တာ။ ဆိုင်ကယ်ပါ သိမ်းသွားတယ်။ အခုထိ ပြန်မရသေးဘူး"

# စစ်မှုထမ်းသူများ၏ မိသားစုဝင်များကို ထောက်ပံ့ရန် ရွာသားများထံမှ ငွေကြေးကောက်ခံမည်

**မတ် ၁၈၊ ၂၀၂၄**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ မဖြစ်မနေစစ်မှုထမ်းရမည့်သူများ၏ မိသားစုစားဝတ်နေရေးကို သက်ဆိုင်ရာကျေးရွာက တာဝန်ယူရမည်ဖြစ်ပြီး ထိုသို့ထောက်ပံ့ရန်အတွက် ရွာသားများထံမှ ငွေကြေးကောက်ခံရန် စီစဉ်နေကြောင်း ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**"ကျွန်တော်တို့ကျေးရွာဘက်မှာ ကျေးရွာအုပ်စုတစ်ခုကို လူ (၂) ယောက် ပေးရမယ်။ အဲ့လူက အိမ်ထောင်ရှိတဲ့သူ ဆိုရင် သူ့မိသားစုစားဝတ်နေရေးကို ရွာသားတွေက ပေးရမယ်။ အဲတော့ ရွာအုပ်ချုပ်ရေးအဖွဲ့က တစ်အိမ်ကို (၂,၀၀၀) လား (၃,၀၀၀) လား ငွေကောက်ဖို့ စီစဉ်နေတယ်"** ဟု ရေးမြို့နယ်တောင်ပိုင်းမှ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။



မဖြစ်မနေစစ်မှုထမ်းရမည့်ရွာသားများစာရင်းကို ၂၀၂၄ မတ်လ (၂၀) ရက်နေ့တွင် ပြည်နယ်အစိုးရသို့ ပို့ပေးရမည်ဖြစ်ပြီး ၎င်းရွာသားများ စစ်သင်တန်းတက်ရောက်နေချိန်တွင် ၎င်းတို့မိသားစုစားဝတ်နေရေးကို ကျေးရွာက တာဝန်ယူပေးရမည် ဖြစ်သည်။

**"စစ်သင်တန်းက (၆) လလို့ ပြောတယ်။ အဲ (၆) လအတွင်းကို ရွာသားတွေက ထောက်ပံ့စရိတ်ပေးရမယ်။ သင်တန်းပြီးရင်တော့ သူ့လစာနဲ့သူပေါ့။ သင်တန်းမပြီးခင်အထိတော့ ရွာက တာဝန်ယူပေးရမယ်"** ဟု ၎င်းအဖွဲ့ဝင်က ဆက်ပြောသည်။

> “
>
> "စစ်သင်တန်းက (၆) လလို့ ပြောတယ်။ အဲ (၆) လအတွင်းကို ရွာသားတွေက ထောက်ပံ့စရိတ်ပေးရမယ်။ သင်တန်းပြီးရင်တော့ သူ့လစာနဲ့သူပေါ့။ သင်တန်းမပြီးခင်အထိတော့ ရွာက တာဝန်ယူပေးရမယ်"

မဖြစ်မနေစစ်မှုထမ်းရမည့်သူများ၏ မိသားစုတစ်စုအတွက် တစ်လလျှင် ထောက်ပံ့ငွေ ကျပ် (၅) သိန်းဝန်းကျင် ပေးအပ်ရန်နှင့် မိသားစုဝင်ဦးရေအပေါ် မူတည်ပြီး ထောက်ပံ့မှုပမာဏ သတ်မှတ်ရန် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့က စီစဉ်ဆုံးဖြတ်ထားကြောင်း သိရသည်။

အရပ်သားပြည်သူများကို မဖြစ်မနေစစ်မှုထမ်းရန် လုပ်ဆောင်ပါက ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို အပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်းတွင်လှုပ်ရှားနေသည့် တော်လှန်ရေးအင်အားစုများဖြစ်သည့် မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး) နှင့် **"ရေးဘီလူး"** အဖွဲ့တို့က ထုတ်ပြန်ထားသည်။

# မွန်ဒေသတွင် (၂) လအတွင်း လက်နက်ကြီးကြောင့် အမျိုးသမီး (၅) ဦး သေဆုံးပြီး (၁၆) ဦး ထိခိုက်ဒဏ်ရာရ



မတ် ၁၄၊ ၂၀၂၄

၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ (၂) လတာ ကာလအတွင်း လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် မွန်ပြည်နယ်တွင် အမျိုးသမီး (၅) ဦး သေဆုံးပြီး (၁၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မွန်ပြည်နယ်ဖက်ဒရယ်ကောင်စီ၏ လူသားချင်းစာနာမှုနှင့် ကယ်ဆယ်ရေးဌာနက ပြောသည်။

စစ်ကောင်စီ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် ဘီးလင်းမြို့နယ်မှ အမျိုးသမီး (၃) ဦး၊ သထုံမြို့နယ်မှ အမျိုးသမီး (၁) ဦးနှင့် ရေးမြို့နယ်မှ အမျိုးသမီး (၁) ဦးတို့ သေဆုံးခဲ့သည်။

၎င်းပြင် ဘီးလင်းမြို့နယ်မှ (၅) ဦး၊ ရေးမြို့နယ်မှ (၅) ဦး၊ ကျိုက်မရောမြို့နယ် မှ (၃) ဦး၊ သထုံမြို့နယ်မှ (၂) ဦးနှင့် သံဖြူဇရပ်မြို့နယ်မှ (၁) စုစုပေါင်း အမျိုးသမီး (၁၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**“ထိခိုက်ဒဏ်ရာကြီးကြီးမားမားရထားတဲ့ အမျိုးသမီးနဲ့ ကလေးတွေရှိတယ်။ ဒါပေမဲ့ ကျွန်မတို့ဌာနကတော့ ဆယ်ဂဏန်းလောက်ပဲ ထောက်ပံ့ပေးနိုင်ခဲ့တယ်”** ဟု လူသားချင်းစာနာမှုနှင့် ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိမှု အများဆုံးဖြစ်ပွားခဲ့သည့်မြို့နယ်များမှာ ဘီးလင်း၊ ကျိုက်ထို၊ သထုံနှင့် ရေးမြို့နယ်များ ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူများတွင် အသက် (၁၈) နှစ်အောက် ကလေးငယ်များလည်း ပါဝင်သည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင်လည်း လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အမျိုးသမီး (၄) ဦး သေဆုံးပြီး (၅၀) ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လူသားချင်းစာနာမှုနှင့် ကယ်ဆယ်ရေးဌာနက ပြောသည်။

# ချောင်းဆုံတွင် အသက် (၁၈) နှစ်အရွယ် မိန်းကလေးတစ်ဦး အဓမ္မပြုကျင့်ခံရ




**မတ် ၈၊ ၂၀၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဟသ်ာကျွန်းကျေးရွာမှ အသက် (၁၈) နှစ်အရွယ် မိန်းကလေးတစ်ဦးကို အိမ်နီးချင်းအမျိုးသားက လွန်ခဲ့သော (၂) ခန့်က အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။

အသက် (၅၀) အရွယ် အမျိုးသားက မိန်းကလေးငယ်ကို မိဘများ မရှိသည့်အချိန်တွင် ဘေးအိမ်ရှိနွားတင်းကုပ်၌ တစ်ကြိမ်ထက်မက အဓမ္မပြုကျင့်ခဲ့သည်။

**“သူ့သမီးက အစာမစားဘဲ ပျို့အန်နေတော့ အမေက စိုးရိမ်ပြီး မတ်လ (၃) ရက်နေ့မှာ ဆေးစစ်ကြည့်တာ။ ကိုယ်ဝန်ရှိနေတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

အဓမ္မပြုကျင့်မှုကို မိဘများအား ပြန်လည်တိုင်ကြားပါက သတ်ပစ်မည်ဟု အမျိုးသားက မိန်းကလေးငယ်ကို ခြိမ်းခြောက်ထားကြောင်း ၎င်းက ဆက်ပြောသည်။


**“အဲလိုခြိမ်းခြောက်ထားတော့ မိန်းကလေးကလည်း ကြောက်ပြီး ဘယ်သူ့ကိုမှ မပြောပြရဲတာနေမယ်”** ဟု ရွာသားတစ်ဦးက ပြောသည်။

အဓမ္မပြုကျင့်ခဲ့သူကို ရာဇသတ်ကြီးပုဒ်မ (၃၇၆) ဖြင့် အမှုဖွင့်ထားပြီး ချောင်းဆုံမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

> **“သူ့သမီးက အစာမစားဘဲ ပျို့အန်နေတော့ အမေက စိုးရိမ်ပြီး မတ်လ (၃) ရက်နေ့မှာ ဆေးစစ်ကြည့်တာ။ ကိုယ်ဝန်ရှိနေတယ်”**



# မုဒွန်းကျေးရွာတွင် အုပ်ချုပ်ရေးမှူးရုံးက အမျိုးသားများကို စစ်မှုထမ်းရန် ဆင့်ခေါ်



ဖိတ်ကြားစာ

သို့

ဦး [redacted]

ရပ်ကွက်( [redacted] )၊ မုဒွန်းကျေးရွာအုပ်စု

ရက်စွဲ။ ၁၄-၃-၂၀၁၆

အကြောင်းအရာ။ **တွေ့ဆုံဆွေးနွေးရန်ကိစ္စ**

ချောင်းဆုံမြို့နယ်၊ မုဒွန်းကျေးရွာအုပ်စုရှိ အသက် (၁၈)နှစ်နှင့်အထက်မှ (၃၅)နှစ်အထိ လိပ်မူပါ လူကြီးမင်းနှင့် တွေ့ဆုံဆွေးနွေးရန်ရှိပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် (မပျက်မကွက်) တက်ရောက်ပေးရန် ဖိတ်ကြားပါသည်။

**အချိန်** - ၁၀:၀၀ **နာရီ**

**နေရာ** - **ကျေးရွာခန်းမ (ရာဇဝမိရာဇ်ခန်းမ)**

**ရက်နေ့** - ၁၇-၃-၂၀၁၆

**မတ် ၁၉၊ ၂၀၁၆**

မွန်ပြည်နယ်တွင် ပထမအသုတ် စစ်မှုထမ်းရန်အတွက် အမျိုးသားအယောက် (၁၀၀) ကို ခေါ်ယူမည်ဟု သိရပြီး ၂၀၁၆ မတ်လ (၁၇) ရက်နေ့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးက အသက် (၁၈) မှ (၃၅) နှစ်အတွင်းရှိ အမျိုးသားများကို “တွေ့ဆုံဆွေးနွေးရန်” ဟုဆိုကာ ဆင့်ခေါ်စာများ စတင်ပေးပို့လိုက်ကြောင်း ဒေသခံများက ပြောသည်။

**“မုဒွန်းမှာက မတ် (၁၆) ရက်နေ့ကတည်းက အစည်းအဝေးခေါ်စာ ရောက်လာတာ။ (၁၇) ရက်နေ့ ရာဇဓမ္မိရာဇ်ခန်းမမှာ တစ်ရပ်ကွက်ကို တစ်ယောက်နှုန်းနဲ့ ခေါ်တာ။ ရွာမှာလည်း လူငယ်တွေ သိပ်မရှိတော့ဘူး။ နိုင်ငံခြားထွက်ကုန်ကြပြီ”** ဟု မုဒွန်းရွာသားတစ်ဦးက ပြောသည်။

ချောင်းဆုံမြို့နယ်တွင် မုဒွန်းကျေးရွာတစ်ရွာတည်းကသာ အဆိုပါ ဆင့်ခေါ်စာများကို လိုက်လံပေးဝေပြီး အနီးအနားကျေးရွာများတွင်မူ အလားတူလုပ်ရှားမှုများကို မတွေ့ရချေ။

**“ကျွန်တော်တို့ရွာမှာတော့ စာမပို့သေးဘူး။ ဒါပေမဲ့ အနေးနဲ့အမြန်တော့ ရောက်လာမှာပဲ။ အုပ်ချုပ်ရေးမှူးက တစ်အိမ်ကို (၅၀,၀၀၀) ကောက်မယ်လို့လည်း ကြားနေရတယ်။ ဘာအတွက် ကောက်မှန်းလဲ မသိဘူး။ ပြီးတော့ သူတို့ခေါ်တာ မသွားရင် ဒဏ်ငွေပေးရမယ်လို့လည်း ကြားတယ်”** ဟု ချောင်းဆုံမြို့နယ် ကလော့ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

မုဒွန်းကျေးရွာတွင် ဆင့်ခေါ်စာဖြန့်ဝေပြီးနောက်ပိုင်း စစ်မှုမထမ်းလျှင် ဒဏ်ငွေပေးဆောင်ရမည်ဆိုသောသတင်းသည် ချောင်းဆုံမြို့နယ်အတွင်းရှိကျေးရွာများတွင် ပျံ့နှံ့လျက်ရှိသည်။

မွန်ပြည်နယ်ရှိ မြို့ရွာများတွင်လည်း စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူးများက စစ်မှုထမ်းဥပဒေဖြင့် ခြိမ်းခြောက်ကာ ပြည်သူများထံမှ ငွေကြေးအဆမတန်တောင်းခံနေကြောင်း သတင်းများစွာထွက်ပေါ်နေသော်လည်း မွန်လူထုအသံက အတည်ပြုနိုင်ခြင်း မရှိသေးချေ။

# အာဏာသိမ်းပြီးနောက်ပိုင်း မွန်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူ (၅) ဆကျော် ကျဆင်း



**မတ်လ ၁၁၊ ၂၀၂၄**

တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို ၂၀၂၄ မတ်လ (၁၁) မှ (၁၉) ရက်နေ့အထိ ပိတ်ရက်မရှိ ဆက်တိုက်ကျင်းပသွားမည်ဖြစ်ပြီး မွန်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုသူ (၅,၇၀၀) ကျော်ရှိကြောင်း ပြည်နယ်ပညာရေးမှူးထံမှ သိရှိရသည်။


**“စာမေးပွဲဖြေမယ့်ကလေးတွေက မဖြေခင် (၂) ရက်အလိုမှာ ရေးမြို့ကို ပြောင်းလာပြီး စာမေးပွဲပြီးတဲ့အထိ နေရမယ်။ သူတို့အတွက် ကျောင်းသားမိဘတွေက အလှည့်ကျချက်ပြုတ်ပေးရတယ်။ အလှည့်ကျညအိပ်လာပေးရတယ်”** ဟု ရေးမြို့နယ်မှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မော်လမြိုင်မြို့နယ်တွင် (၁,၄၄၀) ဦးဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူ အများဆုံးဖြစ်ပြီး ကျိုက်မရောမြို့နယ်သည် (၃၀၃) ဦးဖြင့် အနည်းဆုံးဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၂-၂၃ ပညာသင်နှစ်တွင်လည်း မွန်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုသူ (၅,၇၆၈) ဦးသာ ရှိခဲ့သည်။

မအောင်မြင်သည့်အာဏာသိမ်းမှုမတိုင်မီတွင် မွန်ပြည်နယ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုသူ (၃၀,၀၀၀) ကျော်အထိ ရှိခဲ့သော်လည်း အာဏာသိမ်းပြီးနောက်ပိုင်း (၅) ဆကျော်အထိ ကျဆင်းသွားခြင်း ဖြစ်သည်။

# စစ်ကြောင်းကဖမ်းဆီးသွားသည့် စစ်ဘေးရှောင် (၄) ဦး ပြန်လွတ်မလာသေး





**မတ် ၁၈၊ ၂၀၂၄**

၂၀၂၄ မတ်လ (၉) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် အရှေ့တောဒေသသို့ စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာပြီး စစ်ဘေးရှောင်ပြည်သူ (၄) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

ဖမ်းဆီးခံရသူများသည် မတ်လ (၁၈) ရက်နေ့ (၁) ပတ်ကျော်ကြာမြင့်သည်အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးကြောင်း မိသားစုဝင်များနှင့်နီးစပ်သူများက ပြောသည်။

**“စစ်ကြောင်းက ကျောက်မဲတောင်ရွာကနေက မေတ္တာဘက်ကို သွားတဲ့အချိန်မှာ ကလစ်ကြီးရွာနားက ချောင်းထဲမှာငါးရှာနေတဲ့ စစ်ဘေးရှောင် (၄) ဦးကို ဖမ်းခေါ်သွားတာ”** ဟု အဆိုပါနီးစပ်သူက ပြောသည်။

ဖမ်းဆီးခံရသူများမှာ အသက် (၃၀) အရွယ် ကိုဝင်းဇော်လေးနှင့် မဝင်းသန်း၊ အသက် (၂၉) နှစ်အရွယ် ကိုလင်းထက်ကျော်စွာနှင့် အသက် (၁၈) နှစ်အရွယ် ကိုမြင့်မြတ်အောင်တို့ ဖြစ်သည်။

၎င်းတို့ (၄) ဦးသည် တောင်သုံးလုံးရွာမှ ဒေသခံပြည်သူများဖြစ်ကြပြီး ထားဝယ်အရှေ့တောဒေသကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်နေသဖြင့် မတ်လ (၁) ရက်နေ့ကတည်းက ကလစ်ကြီးကျေးရွာဘက်ကို စစ်ဘေးရှောင်နေကြခြင်း ဖြစ်သည်။

**“ခုချိန်အထိ ဘာအဆက်အသွယ်မှလည်း မရသလို ဘာသတင်းမှလည်း မကြားရသေးဘူး။ တစ်ပတ်ကျော်နေပြီဆိုတော့ မိသားစုဝင်တွေကလည်း စိုးရိမ်နေကြတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

တိုက်ပွဲနှင့် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ထားဝယ်အရှေ့တောဒေသရှိ ကျေးရွာ (၁၂) ရွာမှ ဒေသခံပြည်သူ (၇,၀၀၀) ကျော် စစ်ဘေးရှောင်နေရပြီး စားနပ်ရိက္ခာနှင့် ဆေးဝါးအကူအညီများ အရေးပေါ်လိုအပ်နေသည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

ဇန်နဝါရီလ မှ မတ်လအထိ ၂၀၂၄

မွန်ပြည်နယ် - ၂ ဦး


ကရင်ပြည်နယ် - ၁ ဦး

တနင်္သာရီတိုင်းဒေသ-၃ ဦး




# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၃) လအတွင်း ဖမ်းဆီးမှု အရေအတွက်

မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (၄၀၈) ဦး



# ကျိုက်မရောတွင် မှတ်ပုံတင်မပြနိုင်သည့်ဒေသခံများကို စစ်ကောင်စီတပ်က ငွေညှစ်




**မတ် ၁၁၊ ၂၀၂၄**

၂၀၂၄ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရော မြို့နယ် ကဒါကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်တို့က မှတ်ပုံတင်ပြသနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများကို ခြိမ်းခြောက်ငွေညှစ်ခဲ့ကြောင်း သိရသည်။

မုဒုံ - ချောင်းနှစ်ခွလမ်းပေါ်ရှိ ကဒါကျေးရွာရဲစခန်းတွင် စစ်ကောင်စီပူးပေါင်းအဖွဲ့က ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များနှင့် ဒေသခံပြည်သူများကို စစ်ဆေးခဲ့ပြီး မှတ်ပုံတင်မပြသနိုင်သူများကို ငွေကျပ် (၃,၀၀၀) မှ (၅,၀၀၀) အထိ ငွေညှစ်တောင်းခံခဲ့သည်။

**“ကားဆိုရင် တစ်စီးကို အနည်းဆုံး (၅,၀၀၀) ပေးရတယ်။ မှတ်ပုံတင်မပါတဲ့သူတွေကိုလည်း ငွေတောင်းတယ်။ ဖုန်းကို စစ်ပြီး တစ်ခုခုတွေ့ရင် ငွေညှစ်တယ်”** ဟု ကဒါကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

၎င်းပြင် ကဒါရဲစခန်းရှေ့ ဖြတ်သန်းသွားလာနေသည့် ယာဉ်များသည် အခြေခံစားသောက်ကုန်များ တင်ဆောင်လာပါက ကုန်ပစ္စည်းများကို အောက်သို့ချစေပြီး တင်းကြပ်စွာစစ်ဆေးနေကြောင်း သိရသည်။

ကျိုက်မရောမြို့နယ် ကဒါနှင့် တောင်ကလေးကျေးရွာရဲစခန်းများတွင် စစ်ကောင်စီတပ်သားများ တပ်စွဲထားပြီး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ပူးပေါင်းတပ်များနှင့် တိုက်ပွဲမကြာခဏဖြစ်ပွားလေ့ရှိသည်။

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## မတ်လ ၂၀၂၄

| လူ့အခွင့်အရေးချိုးဖောက်မှု အကြောင်းအရာ | ကျူးလွန်သည့် အကြိမ်အရေအတွက် | မြို့နယ် |
|---|---|---|
| 1. Arrested local civilians ( မတရားဖမ်းဆီးခြင်း) | 6 | Yebyu, long lone, Mudon, Mawlamyine, Paung<br>ရေးဖြူ, လောင်လုံ, မုဒုံ, မော်လမြိုင် နှင့် ပေါင်မြို့ |
| 2. Artillery attack and injured<br>( လက်နက်ကြီးကျရောက်မှုကြောင့် ဒဏ်ရာအနာတရ ရရှိခြင်း) | 2 | Ye Township (ရေးမြို့) |
| 3. Ban on transportation of gasoline<br>( ဓာတ်ဆီ ကုန်သွယ်မှုကို ပိတ်ပင်ခြင်း) | 1 | Long Lone Township<br>လောင်လုံမြို့ |
| 4.Burn Down house ( နေအိမ်များ ဖျက်စီးခြင်း နှင့် မီးရှို့ခြင်း) | 2 | Kaw Ka Rate, Kyikemayaw<br>ကော့ကရိတ်မြို့ နှင့် ကျိုက်မရောမြို့ |
| 5. Creates worry among people<br>( ပြည်သူများကြား စိတ်စိုးရိမ်ပူပန်းမှု ဖန်တီးခြင်း) | 1 | Southern Ye Township<br>ရေးမြို့တောင်ပိုင်းဒေသ |
| 6. Worries local villages | 2 | Kyarinnseikyi Township<br>ကြာအင်းဆိပ်ကြီးမြို့ |
| 7. Dead body found ( လူသေအလောင်း တွေ့ရှိခြင်း) | 2 | Ye- Thanbyuzayat, Tha Yet Chaung<br>ရေး- သံဖြူဇရပ် လမ်းမကြီး ၊ သရက်ချောင်းမြို့ |
| 8. Disappeared ( အစအနပျောက်ကွယ်ခြင်း) | 2 | Thanbyuzayat Township<br>သံဖြူဇရပ်မြို့ |
| 9. Extort money ( အဓမ္မငွေတောင်းခံခြင်း) | 2 | Mudon , Kyikemayaw<br>မုဒုံ , ကျိုက်မရောမြို့ |
| 10. Extort villagers to feed<br>( ရွာသားများကို အတင်းအဓမ္မ ထွက်ခွာစေခြင်း) | 1 | Ye – Thanbyuzayat<br>ရေး- သံဖြူဇရပ် လမ်းမကြီး |
| 11. Fled home and IDP<br>( နေရပ်စွန့်ခွာခြင်း နှင့် စစ်ဘေးရှောင်ခြင်း) | 7 | သံဖြူဇရပ်မြို့ ၃ကြိမ်၊ ကျိုက်မရောမြို့ ၁ ကြိမ်၊ ကော့ကရိတ်မြို့ ၁ ကြိမ်၊ ထားဝယ်မြို့ ၁ ကြိမ်၊ ရေးဖြူမြို့ ၁ ကြိမ် |


# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်


| | | |
|---|---|---|
| 12. Injured and destroyed ( ဖျက်စီးခြင်း နှင့် ဒဏ်ရာအနာတရ ရရှိခြင်း) | 2 | Taton-1, Ye Township – 1<br>သထုံမြို့ , ရေးမြို့ |
| 13. Killed and injured<br>( သတ်ဖြတ်ခြင်း နှင့် ဒဏ်ရာအနာတရ ထိခိုက်ခြင်း) | 3 | Tha Yet Chaung- 1, Mon State- 2<br>သရက်ချောင်းမြို့ ၁ ကြိမ်၊ မွန်ပြည်နယ် ၂ ကြိမ် |
| 14. Landmine and injure<br>( မြေမြှုပ်မိုင်း ပေါက်ကွဲခြင်း နှင့် ဒဏ်ရာအနာတရ ထိခိုက်ခြင်း) | 1 | Tha Yet Chaung Township<br>သရက်ချောင်းမြို့ |
| 15. Law creates chaos | 1 | Kyikemayaw Township<br>ကျိုက်မရောမြို့ |
| 16. Not yet released ( ပြန်လည်လွတ်မြောက်လာခြင်း မရှိ) | 2 | Dawei Township<br>ထားဝယ်မြို့ |
| 17. Raped ( လိင်အတင်းအဓမ္မပြုကျင့်ခံရခြင်း) | 1 | Chaung Zone Township<br>ချောင်းဆုံမြို့ |
| 18. Shot and Injured<br>( သတ်ပြစ်ခြင်း နှင့် ဒဏ်ရာအနာတရ ထိခိုက်ခြင်း) | 1 | Yebyu Township<br>ရေးဖြူမြို့ |
| 19. Shot and killed ( သတ်ပစ်ခြင်း) | 1 | Bilin Township ( ဘီလင်းမြို့) |
| 20. Summon young men ( လူငယ်များကို ဆင့်ခေါ်ခြင်း) | 1 | Chaung Zone Township<br>ချောင်းဆုံမြို့ |
| 21. Arrested and charged ( ဖမ်းဆီးခြင်း နှင့် အမှုဖွင့်ခြင်း) | 1 | Thanbyuzayat Township<br>သံဖြူဇရပ်ဇရပ်မြို့ |
| 22. Arrested and killed ( ဖမ်းဆီးခြင်း နှင့် သတ်ဖြတ်ခြင်း) | 1 | Bilin Township<br>ဘီလင်းမြို့ |

**စုစုပေါင်း ကျူးလွန်သည့်အကြိမ်အရေအတွက် ------------------ 43 ကြိမ်**


# ၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၃) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း


## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်









စစ်ဘေးဒုက္ခသည်= (၂၈၅၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၅၃) ဦး ၊ သတ်ဖြတ်မှု = (၂၁) ဦး




စစ်ဘေးဒုက္ခသည်= (၄၅၃၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၅၈) ဦး ၊ သတ်ဖြတ်မှု = (၂၃) ဦး




စစ်ဘေးဒုက္ခသည်= (၃၉၈၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၅၇) ဦး ၊ သတ်ဖြတ်မှု = (၂၄) ဦး

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရှိသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း

Rehmonnya.org
www.rehmonnya.org

**Human Rights Foundation of Monland (Burma)**
**P. O. Box 2237**
**General Post Office**
**Bangkok 10501, THAILAND**